## ကျရှုံးခဲ့မယ့်လေးသည်တော်



ငါ့စိတ်ကူးယဉ် ကမ္ဘာလေးထဲက
ပျောက်ဆုံးနေတဲ့ အိမ်မက်မြို့ပဟောင်းလေးကို
အသစ်တဖန် ပြန်လည်တူးဆွကြည့်ရင်း
ဖျက်ကနဲ ပျက်သွားတဲ့ မီးရောင်အောက်က
ရှန်းကြွလာတဲ့ ဆန္ဒတစ်ခုအောက်မှာ
ဖွင့်ဟတောင်းဆိုဖို့ ဂန်လေးနေတဲ့
နှင်းဆီရောင် နှုတ်ခမ်းလေးတစ်စုံကြောင့်
မပြီးဆုံးသေးတဲ့ ငါ့အိမ်မက် ငါ့အချစ်တွေဟာ..
နောက်ဆုံး အဆုံးသတ်မှာတော့
ကျရှုံးခဲ့မယ့် လေးသည်တော်တစ်ယောက်ပါ။

လရိပ်.

## တစ်သက်လုံး

ငှက်ကလေးတွေဟာ တစ်သက်လုံး
သီချင်းတစ်ပုဒ်ထဲကိုပဲ ထပ်တလဲလဲသီဆိုကြတယ်...
ငါလဲ ငှက်တစ်ကောင်လို ငါ့ဘဝရဲ့
တစ်ပုဒ်ထဲသော သီချင်းကတော့
မင်းပါပဲ....ချစ်သူ။

လရိပ်.

